# အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာ ထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ လေ့လာတင်ပြချက်

## နိဒါန်း


၁။ သဘာဝရော်ဘာသည် ရုန်းကန်သတ္တိအများဆုံးရှိ၍ ရေမတင်နိုင်သည့်အပြင် လျှပ်စစ်ဓာတ်စီးဆင်းမှုကိုလည်း တားဆီးကာကွယ်နိုင်သဖြင့် ယနေ့ခေတ် လူသုံးကုန်ပစ္စည်းအမျိုးပေါင်း ၃၀၀၀၀ ကျော်၌ ထည့်သွင်းအသုံးပြုလျက်ရှိသည့် အရေးပါသော စက်မှုကုန်ကြမ်းပစ္စည်း တစ်မျိုး ဖြစ်ပါသည်။ ရော်ဘာပင် (သိပ္ပံအမည် Hevea Brasiliensis) မှ ထွက်ရှိသော ကြက်ပေါင်စေးအား ကမ္ဘာပေါ်၌ ပထမဆုံးအသုံးပြုမှုမှာ အမေရိကအလယ်ပိုင်းဒေသမှ စတင်ခဲ့သည်။ ယခုအခါ ကမ္ဘာ တစ်ဝန်းတွင် သဘာဝရော်ဘာအား စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှုကို လုပ်ကိုင်လျက်ရှိရာ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ တရုတ်နှင့် အိန္ဒိယ စသည့်နိုင်ငံများသည် အဓိက စိုက်ပျိုး ထုတ်လုပ်ရာ ဒေသများဖြစ်သည်။ မျက်မှောက်ကာလ၌ နှစ်စဉ် ကမ္ဘာ့သဘာဝရော်ဘာ ထုတ်လုပ် မှုမှာ တန်ချိန် ၁၂.၄ သန်းခန့်နှင့် သုံးစွဲလိုအားမှာ တန်ချိန် ၁၂.၆ သန်းခန့်ရှိသည်။ ရော်ဘာအား သမားရိုးကျ လူသုံးကုန်ပစ္စည်းများအပြင် ကျန်းမာရေး၊ ကာကွယ်ရေးနှင့် စက်မှုလုပ်ငန်းများတွင် လည်း အသုံးပြုလျက်ရှိပြီး ရော်ဘာသုံးစွဲမှု မြင့်မားသည့် အဓိကနိုင်ငံများ၌ သဘာဝရော်ဘာအား မဟာဗျူဟာကျ ကုန်ကြမ်းအဖြစ် အရန်ထားရှိဆောင်ရွက်လာကြရာ ကမ္ဘာ့ရော်ဘာ ဝယ်လိုအား မှာ မြင့်တက်လျက်ရှိပါသည်။

## သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု

၂။ ကမ္ဘာပေါ်၌ သဘာဝရော်ဘာအား ဒုတိယအများဆုံး အသုံးပြုသည့် အိန္ဒိယနိုင်ငံသည် ရော်ဘာ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှုတွင် ဆဋ္ဌမနေရာ၌ ရပ်တည်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ၌ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရန် ကနဦးအစပြု လေ့လာဆောင်ရွက်မှုကို ဗြိတိသျှ ကိုလိုနီခေတ် ကာလ ၁၈၇၃ ခုနှစ်တွင် ကောလ်ကတ္တားမြို့ရှိ Botanical Gardens ၌ စတင်လုပ်ဆောင်ခဲ့ပြီး ပထမဆုံးသော စီးပွားဖြစ်ရော်ဘာစိုက်ခင်းကို နိုင်ငံတောင်ပိုင်း၊ ကီရာလာပြည်နယ်ရှိ Thattekad ဒေသတွင် ၁၉၀၂ ခုနှစ်မှ စတင်ထူထောင်ခဲ့သည်။

၃။ ယခုအခါ အိန္ဒိယနိုင်ငံ၏ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ခြံလုပ်ငန်းရှင်ပေါင်း ၁.၃၂ သန်းခန့် နှင့် အလုပ်သမားဦးရေ ၆ သိန်းကျော် ပါဝင်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းရှိ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ၁၆ ခု၌ ရော်ဘာဧရိယာ ဟက်တာ ၈၂၂၅၀၀ ကျော် စိုက်ပျိုး ထားရှိပြီး အစေးခြစ်နိုင်သည့် ဧရိယာမှာ ဟက်တာ ၆၉၂၉၀၀ ခန့်ရှိပါသည်။ နှစ်စဉ် သဘာဝ ရော်ဘာ ထုတ်လုပ်နိုင်စွမ်းမှာ တန်ချိန် ၉ သိန်းခန့်ရှိပြီး ၎င်းအနက် ၇၅% ခန့်ကိုသာ ထုတ်လုပ် လျက်ရှိသည်။ စိုက်ပျိုး ဧရိယာစုစုပေါင်း၏ ၉၁% နှင့် ထုတ်လုပ်မှုပမာဏ၏ ၉၂% သည် ဧရိယာ ၁၀ ဟက်တာ (၂၄.၇ ဧက) အောက်၌သာ စိုက်ပျိုးလုပ်ကိုင်သည့် ခြံလုပ်ငန်းငယ်များ ဖြစ်ကြ သည်။ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ကနဦးစာရင်းများ အရ ၂၀၂၀-၂၁ ခုနှစ်တွင် သဘာဝရော်ဘာ တန်ချိန် ၇၁၅၀၀၀ ခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယ နိုင်ငံ၏ ပျမ်းမျှ သဘာဝရော်ဘာ အထွက်နှုန်းမှာ ၁ ဟက်တာလျှင် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၁၈၇၉ ကီလိုဂရမ်အထိ ထွက်ရှိခဲ့သော်လည်း နောက်ပိုင်းနှစ်များ၌ ကျဆင်းလာပြီး ၂၀၂၀-၂၁ ခုနှစ်၌ ၁ ဟက်တာလျှင် ၁၄၄၂ ကီလိုဂရမ်နှုန်းသာ ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် သဘာဝ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှု အခြေအနေ ဇယားအား **နောက်ဆက်တွဲ(က)** ဖြင့် ဖော်ပြထားပါသည်။

ပုံ(၁) အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု



P: provisional Source: Rubber Board of India

၄။ ရော်ဘာပင်သည် ပူနွေး၍ စိုစွတ်သော ရာသီဥတုရရှိရာဒေသ၌ စိုက်ပျိုးဖြစ်ထွန်းသည့် အလျောက် နိုင်ငံတောင်ပိုင်းရှိ ကီရာလာပြည်နယ်နှင့် တမီနာဒူပြည်နယ်တို့အား သမားရိုးကျ ရော်ဘာ စိုက်ပျိုးထုတ်လုပ်ရာဒေသအဖြစ်လည်းကောင်း၊ ဩရိဿ၊ ကာနာတကာ၊ မဟာရဋ္ဌ၊ အနောက်ဘင်ဂယ်နှင့် နိုင်ငံအရှေ့မြောက်ဒေသရှိ တြိပူရ၊ အာသံနှင့် မက်ဂါလာရာ တို့ပါအဝင် ကျန်ဒေသများအား သမားရိုးကျမဟုတ်သော ရော်ဘာ စိုက်ပျိုးထုတ်လုပ်ရာဒေသအဖြစ် လည်းကောင်း သတ်မှတ်ထားရှိပါသည်။ ကီရာလာနှင့် တမီနာဒူ ပြည်နယ် ၂ ခုတို့မှ သဘာဝရော်ဘာ ထုတ်လုပ်မှုသည် တစ်နိုင်ငံလုံးထုတ်လုပ်မှု၏ ၈၀% ခန့်ရှိသည်။ ထိုကဲ့သို့ သဘာဝရော်ဘာ ထုတ် လုပ်ရာတွင် မှိုင်းခံရော်ဘာ (Sheet rubber) သည် ၇၀%၊ ရော်ဘာအတုံး (Block rubber) သည် ၁၇% နှင့် ကြက်ပေါင်စေး (latex) သည် ၁၂% အသီးသီးပါဝင်လျက်ရှိသည်။ ပြည်နယ်/ ပြည် ထောင်စုနယ်မြေအလိုက် သဘာဝရော်ဘာထုတ်လုပ်မှုကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ဇယား(၁) အိန္ဒိယနိုင်ငံ၌ ပြည်နယ်ဒေသအလိုက် သဘာဝရော်ဘာထုတ်လုပ်မှု (တန်ချိန်)

| ပြည်နယ် | ၂၀၁၅-၁၆ ခုနှစ် | ၂၀၁၆-၁၇ ခုနှစ် | ၂၀၁၇-၁၈ ခုနှစ် | ၂၀၁၈-၁၉ ခုနှစ် |
|---|---|---|---|---|
| Kerala | ၄၃၈၆၃၀ | ၅၄၀၄၀၀ | ၅၄၀၇၇၅ | ၄၉၀၄၆၀ |
| Tamil Nadu | ၁၉၄၉၅ | ၂၁၁၄၀ | ၂၁၁၁၀ | ၂၁၅၀၀ |
| Tripura | ၄၄၂၄၅ | ၅၀၉၈၅ | ၅၀၅၀၀ | ၅၃၀၅၀ |
| Assam | ၁၄၅၆၀ | ၁၉၉၇၀ | ၂၃၃၀၀ | ၂၄၃၀၀ |
| Meghalaya | ၇၃၆၀ | ၈၉၅၀ | ၉၀၅၀ | ၉၁၀၀ |
| Nagaland | ၃၀၂၀ | ၄၃၂၀ | ၄၈၂၀ | ၄၉၃၀ |
| Manipur | ၁၆၆၀ | ၂၀၉၀ | ၁၇၉၀ | ၁၈၅၀ |
| Mizoram | ၅၉၅ | ၇၄၂ | ၇၄၂ | ၇၅၀ |
| Arunachal Pradesh | ၃၆၀ | ၄၇၈ | ၄၂၈ | ၄၅၀ |
| Karnataka | ၂၉၄၀၀ | ၃၈၈၀၀ | ၃၈၃၀၀ | ၃၈၂၀၀ |
| A&N Islands | ၂၄၀ | ၂၄၀ | ၂၄၀ | ၂၇၅ |
| Goa | ၆၄၀ | ၆၄၅ | ၅၇၅ | ၆၂၅ |
| Maharashtra | ၉၂၅ | ၁၁၈၅ | ၁၁၈၅ | ၁၂၅၀ |
| Odisha | ၃၁၅ | ၄၀၀ | ၄၅၀ | ၄၈၀ |
| West Bengal | ၃၂၅ | ၃၃၅ | ၃၃၅ | ၃၈၀ |
| Andhra Pradesh | ၂၃၀ | ၃၂၀ | ၄၀၀ | ၄၀၀ |

| | | | | |
|---|---|---|---|---|
| စုစုပေါင်း | ၅၆၂၀၀၀ | ၆၉၁၀၀၀ | ၆၉၄၀၀၀ | ၆၄၈၀၀၀ |

Source: Ministry of Commerce and Industry of India

## ရော်ဘာသုံးစွဲမှု အခြေအနေ

၅။ အိန္ဒိယနိုင်ငံ၌ ရော်ဘာသုံးစွဲမှုမှာ မြင့်တက်လျက်ရှိပြီး သဘာဝရော်ဘာ ထုတ်လုပ်သည့် နိုင်ငံများ အဖွဲ့အစည်း (ANRPC) ၏ ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်တွင် သဘာဝရော်ဘာ တန်ချိန် ၁.၁၄ သန်းခန့်နှင့် ဓာတုနည်းဖြင့် ဖန်တီးထုတ်လုပ်သည့် ရော်ဘာ (Synthetic Rubber – SR) တန်ချိန် ၆၅၉၀၀၀ ခန့်ကို ကုန်ထုတ်လုပ်ငန်းများ၌ အသုံးပြုခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ်၌ အိန္ဒိယ၏ SR ရော်ဘာ ထုတ်လုပ်မှုမှာ တန်ချိန် ၃၉၁၀၀၀ ခန့်ရှိပြီး ပြည်တွင်း၌ အသုံးပြုသော သဘာဝရော်ဘာနှင့် SR ရော်ဘာတို့၏ အချိုးမှာ ၆၄း၃၆ ခန့်ရှိသည်။ စုစုပေါင်း အသုံးပြုသော သဘာဝရော်ဘာ ပမာဏ၏ ၆၆.၇% ခန့်သည် မော်တော်ယာဉ် ကျွတ်နှင့်တာယာများ ထုတ်လုပ် ရာတွင် သုံးစွဲခြင်းဖြစ်သည်။

**ဇယား(၂) အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် သဘာဝရော်ဘာထုတ်လုပ်မှုနှင့် သုံးစွဲမှု**

| ဘဏ္ဍာနှစ် (ဧပြီ-မတ်) | ထုတ်လုပ်မှု (တန်) | သုံးစွဲမှု (တန်) | အပို/ အလို |
|---|---|---|---|
| ၂၀၀၅-၀၆ | ၈၀၂၆၂၅ | ၈၀၁၁၁၀ | ၁၅၁၅ |
| ၂၀၀၆-၀၇ | ၈၅၂၈၉၅ | ၈၂၀၃၀၅ | ၃၂၅၉၀ |
| ၂၀၀၇-၀၈ | ၈၂၅၃၄၅ | ၈၆၁၄၅၅ | -၃၆၁၁၀ |
| ၂၀၀၈-၀၉ | ၈၆၄၅၀၀ | ၈၇၁၇၂၀ | -၇၂၂၀ |
| ၂၀၀၉-၁၀ | ၈၃၁၄၀၀ | ၉၃၀၅၆၅ | -၉၉၁၆၅ |
| ၂၀၁၀-၁၁ | ၈၆၁၉၅၀ | ၉၄၇၇၁၅ | -၈၅၇၆၅ |
| ၂၀၁၁-၁၂ | ၉၀၃၇၀၀ | ၉၆၄၄၁၅ | -၆၀၇၁၅ |
| ၂၀၁၂-၁၃ | ၉၁၃၇၀၀ | ၉၇၂၇၀၅ | -၅၉၀၀၅ |
| ၂၀၁၃-၁၄ | ၇၇၄၀၀၀ | ၉၈၁၅၂၀ | -၂၀၇၅၂၀ |
| ၂၀၁၄-၁၅ | ၆၄၅၀၀၀ | ၁၀၂၀၉၁၀ | -၃၇၅၉၁၀ |
| ၂၀၁၅-၁၆ | ၅၆၂၀၀၀ | ၉၉၄၄၁၅ | -၄၃၂၄၁၅ |
| ၂၀၁၆-၁၇ | ၆၉၁၀၀၀ | ၁၀၄၄၀၇၅ | -၃၅၃၀၇၅ |
| ၂၀၁၇-၁၈ | ၆၉၄၀၀၀ | ၁၁၁၂၂၁၀ | -၄၁၈၂၁၀ |
| ၂၀၁၈-၁၉ | ၆၅၁၀၀၀ | ၁၂၁၁၉၄၀ | -၅၆၀၉၄၀ |
| ၂၀၁၉-၂၀ | ၇၁၂၀၀၀ | ၁၁၃၄၁၂၀ | -၄၂၂၁၂၀ |
| ၂၀၂၀-၂၁P | ၇၁၅၀၀၀ | ၁၀၉၆၄၁၀ | -၃၈၁၄၁၀ |

P: provisional Source: Rubber Board of India

## ရော်ဘာလုပ်ငန်း ကြီးကြပ်မှုအဖွဲ့

၆။ ကီရာလာပြည်နယ်၊ Kottayam မြို့တွင် ဌာနချုပ်ရုံး ဖွင့်လှစ်ထားရှိသော ရော်ဘာလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ (Rubber Board) သည် ၁၉၄၇ ခုနှစ် ရော်ဘာလုပ်ငန်း အက်ဥပဒေအရ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ လက်အောက်၌ ဖွဲ့စည်းထားသည့် အာဏာပိုင် အဖွဲ့အစည်းဖြစ်ပြီး ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါ အဓိကလုပ်ငန်းတာဝန် (၇) ရပ်ကို ဆောင်ရွက်သည်–

(က) နည်းပညာနှင့် စီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်သကဲ့သို့ ယင်းလုပ်ငန်းများလုပ်ဆောင်နိုင်ရန် အားပေးကူညီခြင်း၊

(ခ) ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ သင်တန်းများ စီစဉ်ပို့ချခြင်း၊

(ဂ) ရော်ဘာစိုက်ပျိုးသူများသို့ နည်းပညာဆိုင်ရာများ အကြံပြုထောက်ပံ့ခြင်း၊

(ဃ) ရော်ဘာဈေးကွက်တင်ရောင်းချမှု တိုးတက်စေရေး ဆောင်ရွက်ခြင်း၊

(င) ရော်ဘာခြံပိုင်ရှင်များ၊ ဝယ်ယူဖြန့်ချိသူများနှင့် ကုန်ထုတ်လုပ်သူများထံမှ စာရင်းအင်း အချက်အလက်များရယူ စုစည်းပြုစုခြင်း၊

(စ) လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ရော်ဘာလုပ်သားများ၏ သက်သာချောင်ချိမှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊

(ဆ) ရော်ဘာအက်ဥပဒေအရ ချမှတ်သည့် နည်းဥပဒေများနှင့်အညီ အခြား လုပ်ငန်းရပ် များကို ဆောင်ရွက်ခြင်း။

၇။ ရော်ဘာလုပ်ငန်းကြီးကြပ်မှုအဖွဲ့တွင် ဗဟိုအစိုးရက တာဝန်ပေးခန့်အပ်သည့် အဖွဲ့ဥက္ကဋ္ဌနှင့် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနမှ ကိုယ်စားလှယ်တို့ အပါအဝင် ကီရာလာပြည်နယ်နှင့် တမီနာဒူးပြည်နယ် အစိုးရအဖွဲ့များ၊ သမားရိုးကျမဟုတ်သော ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာ ဒေသ များနှင့် ရော်ဘာလုပ်ငန်းကဏ္ဍရှိ စိုက်ပျိုးသူ၊ ကုန်ထုတ်လုပ်သူနှင့် အလုပ်သမားနယ်ပယ်တို့မှ ကိုယ်စားလှယ်များပါဝင်လျက် စုစုပေါင်းအဖွဲ့ဝင် ၂၉ ဦးဖြင့်

ဖွဲ့စည်းထားသည်။ ဤအဖွဲ့၏ လုပ်ငန်းတာဝန်များကို ရော်ဘာသုတေသနသိပ္ပံဌာန (Rubber Research Institute of India) အပါအဝင် ဌာန ၇ ခုနှင့် သီးခြားလွတ်လပ်သော ဌာနခွဲ ၆ ခုတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

၈။ ရော်ဘာဝယ်ယူဖြန့်ချီခြင်း၊ သန့်စင်ပြုပြင်ခြင်းနှင့် ရော်ဘာအခြေခံ ကုန်ပစ္စည်းထုတ်လုပ်ခြင်းတို့အတွက် ရော်ဘာလုပ်ငန်းကြီးကြပ်မှုအဖွဲ့ထံသို့ လုပ်ငန်းလိုင်စင် လျှောက်ထားရန်လိုအပ် ပြီး လက်ရှိကာလတွင် ရော်ဘာဝယ်ယူဖြန့်ချီရေးလုပ်ငန်း ၇၆၉၇ ခု၊ ရော်ဘာပြုပြင်ထုတ်လုပ်မှု လုပ်ငန်း ၁၀၅ ခု နှင့် ရော်ဘာအသုံးပြု ကုန်ထုတ်လုပ်ငန်း ၄၂၉၅ ခုတို့သည် လိုင်စင်မှတ်ပုံတင်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**အမျိုးသားရော်ဘာမူဝါဒ**

၉။ ပြည်တွင်းပြည်ပဈေးကွက်သို့ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိသည့် ထုတ်ကုန်များပံ့ပိုးပေးနိုင်ရေး၊ နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် လုပ်ငန်းနယ်ပယ်တစ်ခုလုံး၌ ပါဝင်လုပ်ကိုင်နေကြသူများ၏ အကျိုးစီးပွားတို့ကို အလေးဂရုပြုလျက် သဘာဝနှင့် အခြားနည်းလမ်းများဖြင့် ထုတ်လုပ်လျက်ရှိသည့် ရော်ဘာလုပ်ငန်းကဏ္ဍ၌ ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မာမှုနှင့်အတူ နိုင်ငံ တကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ကောင်းစွာဖွံ့ဖြိုးတိုးတက်သော တန်ဖိုးကွင်းဆက်တစ်ရပ်ဖြစ်ပေါ် စေရန် မျှော်မှန်းလျက် အမျိုးသားရော်ဘာမူဝါဒ (၂၀၁၉) ကို အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ချမှတ်ထားပါသည်။

၁၀။ အဆိုပါ မူဝါဒတွင် ၂၀၃၀ ပြည့်နှစ်၌ အိန္ဒိယ၏ သဘာဝရော်ဘာ အသုံးပြုမှုမှာ တန်ချိန် ၂ သန်းအထိ တိုးတက်လာမည်ဟု ခန့်မှန်းထားပြီး ယင်းကာလ၌ ပြည်တွင်းရှိ သဘာဝရော်ဘာထုတ်လုပ်မှုမှ ၇၅% ထိ ဖြည့်ဆည်းပေးနိုင်ရန် ရည်မှန်းထားကြောင်း၊ ထိုကဲ့သို့ထုတ်လုပ်နိုင်ရန်အတွက် ရော်ဘာစိုက်ခင်းအသစ် ဟက်တာ ၈၀၀၀ ခန့်ကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးခြင်းနှင့် စိုက်ခင်းအဟောင်းများတွင် ဟက်တာ ၁၀၀၀၀ ခန့်အား နှစ်စဉ်ပြန်လည်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သဘာဝရော်ဘာသည် အိန္ဒိယနိုင်ငံ၏ သမားရိုးကျ ပို့ကုန်ဦးစားပေးကုန်စည်မဟုတ်သော်လည်း ဈေးကွက်ဝယ်လိုအားနှင့် ရောင်းလိုအားတို့ မျှတမှုမရှိသည့်အခြေအနေတွင် ပြည်တွင်းဈေးနှုန်းများ နိမ့်ကျမှုအပေါ် ထင်ဟပ်မှုအဖြစ် ယာယီအားဖြင့်ပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအတွက်

ထိခိုက်မှုဖြစ်စေမည့် ကုန် ပစ္စည်းတင်သွင်းမှုမှ ပြည်တွင်းဈေးနှုန်းများအပေါ်လွှမ်းမိုးမှုကို ကာကွယ်တားဆီးသကဲ့သို့ တစ် ချိန်တည်း၌ စားသုံးသူများအတွက် ဈေးနှုန်းသက်သာစွာဖြင့် ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးကို ရှေ့ရှုလျက် သဘာဝရော်ဘာတင်သွင်းမှုကို ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

## ပြည်တွင်းဈေးကွက်အခြေအနေ

၁၁။ အိန္ဒိယနိုင်ငံ၌ ၂၀၁၅-၁၆ ခုနှစ်တွင် ရော်ဘာစိုက်ခင်းအသစ် တိုးချဲ့မှုမှာ ဟက်တာ ၁၆၀၀၀ ရှိခဲ့ရာမှ ၂၀၂၀-၂၁ ခုနှစ်၌ ဟက်တာ ၁၀၀၀ ခန့်မျှသာ အသစ်တိုးချဲ့စိုက်ပျိုးနိုင်ကြောင်း သိရှိရ ပါသည်။ အိန္ဒိယရော်ဘာလုပ်ငန်းကြီးကြပ်မှုအဖွဲ့၏ စာရင်းများအရ Kottayam မြို့ရှိ ဈေးကွက် တွင် RSS-4 အဆင့် သဘာဝရော်ဘာ ပျမ်းမျှဈေးနှုန်းမှာ ၂၀၁၁-၁၂ ခုနှစ်၌ ၁ ကီလိုဂရမ်လျှင် ၂၀၈.၀၅ ရူပီး အထိ အမြင့်ဆုံးရရှိခဲ့ပြီး ၂၀၂၀-၂၁ ခုနှစ်၌ ၁ ကီလိုဂရမ်လျှင် ၁၄၁.၈၅ ရူပီးနှုန်းသို့ ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ထိုသို့ဈေးနှုန်းများ ကျဆင်းလာမှုအရ ရော်ဘာစိုက်ပျိုး သည့် တောင်သူများအနေဖြင့် စိုက်ခင်းအသစ်များ တိုးချဲ့ခြင်းထက် အပင်ဟောင်းများမှသာ အစေးခြစ်ထုတ်လုပ်မှုကို ဆက်လက်ဆောင်ရွက်သဖြင့် ပြည်တွင်း၌ ထုတ်လုပ်မှုကျဆင်းလျက် ပြည်ပမှတင်သွင်းမှု ပိုမိုများပြားလာသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အိန္ဒိယ၏ သဘာဝ ရော်ဘာ ပြည်ပတင်ပို့မှုမှာ ကျဆင်းလာခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်၊ လအလိုက် သဘာဝရော်ဘာ ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် ရောင်းဝယ်မှုကို အောက်ပါအတိုင်းတွေ့ရှိရပါသည်။

ဇယား(၃) အိန္ဒိယ၏ ၂၀၂၀-၂၁ ဘဏ္ဍာနှစ် သဘာဝရော်ဘာထုတ်လုပ်ရောင်းဝယ်မှု (တန်ချိန်)

| လအမည် | ထုတ်လုပ်မှု | သုံးစွဲမှု | တင်သွင်းမှု | တင်ပို့မှု |
|---|---|---|---|---|
| ၄/၂၀၂၀ | ၁၅၀၀၀ | ၅၀၀၀၀ | ၂၄၂၁၁ | ၇၄၆ |
| ၅/၂၀၂၀ | ၂၆၀၀၀ | ၅၂၀၀၀ | ၃၈၃၂၄ | ၄၁၄ |
| ၆/၂၀၂၀ | ၄၁၀၀၀ | ၈၄၄၆၀ | ၁၈၀၃၉ | ၂၇၃ |
| ၇/၂၀၂၀ | ၅၂၀၀၀ | ၉၆၀၀၀ | ၂၇၈၅၀ | ၂၁၄ |
| ၈/၂၀၂၀ | ၅၉၀၀၀ | ၉၄၀၀၀ | ၃၆၈၈၃ | ၁၀၃ |
| ၉/၂၀၂၀ | ၆၃၀၀၀ | ၁၀၃၄၅၀ | ၃၈၄၉၈ | ၃၇၉ |
| ၁၀/၂၀၂၀ | ၇၅၀၀၀ | ၁၀၇၀၀၀ | ၃၅၃၂၄ | ၅၇၄ |
| ၁၁/၂၀၂၀ | ၈၇၀၀၀ | ၁၀၄၀၀၀ | ၃၂၁၇၈ | ၃၇၈၅ |
| ၁၂/၂၀၂၀ | ၉၆၀၀၀ | ၁၁၄၀၀၀ | ၃၈၉၆၃ | ၁၉၆၉ |

| | | | | |
|---|---|---|---|---|
| ၁/၂၀၂၁ | ၉၂၀၀၀ | ၁၁၃၀၀၀ | ၄၀၁၅၀ | ၁၆၆၉ |
| ၂/၂၀၂၁ | ၆၃၀၀၀ | ၁၀၇၀၀၀ | ၃၅၂၃၇ | ၆၃၅ |
| ၃/၂၀၂၁ | ၄၆၀၀၀ | ၁၁၆၅၀၀ | ၄၄၈၂၁ | ၅၈၂ |
| **စုစုပေါင်း** | **၇၁၅၀၀၀** | **၁၀၉၆၄၁၀** | **၄၁၀၄၇၈** | **၁၁၃၄၃** |

Source: Rubber Board of India

၁၂။ အိန္ဒိယ ရော်ဘာလုပ်ငန်းကြီးကြပ်မှုအဖွဲ့၏ စာရင်းထုတ်ပြန်ချက်များအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဇွန်လအထိ သဘာဝရော်ဘာ ထုတ်လုပ်မှုမှာ တန်ချိန် ၁၂၇၀၀၀ ခန့် ရှိပြီး သုံးစွဲမှုမှာ တန်ချိန် ၂၆၃၀၀၀ ခန့်ရှိကြောင်း သိရှိရပါသည်။ အဆိုပါ ပထမ ၃ လပတ်အတွင်း သဘာဝရော်ဘာ တင်သွင်းမှုမှာ ၁၁၄၉၅၈.၇၅ တန်ရှိပြီး ပြည်ပတင်ပို့မှုမှာ ၁၇၇၄.၉၈ တန် ရှိပါ သည်။ ပြည်တွင်းရှိ စိုက်ပျိုးထုတ်လုပ်သူများ၊ ဝယ်ယူဖြန့်ချီသူများနှင့် ကုန်ထုတ်လုပ်ငန်းရှင်များ ၏ လက်ဝယ်တွင် ၂၀၂၁ ခုနှစ် မေလကုန်အထိ အရောင်းအဝယ်ပြုလုပ်နိုင်သည့် သဘာဝရော်ဘာ ၁၁၉၀၀၀ တန်နှင့် ရောင်းဝယ်ဖောက်ကားနိုင်မှုမရှိသော သဘာဝရော်ဘာ ၁၇၈၀၀၀ တန်၊ စုစု ပေါင်း ကုန်လက်ကျန် တန်ချိန် ၂၉၇၀၀၀ ခန့်ရှိနိုင်ကြောင်း ရော်ဘာလုပ်ငန်းကြီးကြပ်မှုအဖွဲ့က ခန့်မှန်းထားသည်။ Kottayam မြို့၌ လအလိုက်ဖြစ်ပေါ်သည့် သဘာဝရော်ဘာ ပျမ်းမျှဈေးနှုန်း များကို ဇယား (၄) ပါအတိုင်း တွေ့ရှိနိုင်ပါသည်။

ဇယား(၄) Kottayam မြို့၌ လအလိုက် ဖြစ်ပေါ်သည့် သဘာဝရော်ဘာ ဈေးနှုန်းများ

ရေတွက်ပုံ- ရူပီး/၁၀၀ ကီလိုဂရမ်


| လအမည် | RSS 5 | RSS 4 | Latex (60% drc) | ISNR 20 |
|---|---|---|---|---|
| ၇/၂၀၂၀ | ၁၂၃၂၁ | ၁၂၆၈၃ | ၁၃၅၄၇ | ၁၀၇၆၆ |
| ၈/၂၀၂၀ | ၁၂၈၄၆ | ၁၃၂၁၉ | ၁၃၁၁၇ | ၁၀၉၆၅ |
| ၉/၂၀၂၀ | ၁၂၉၅၂ | ၁၃၄၁၅ | ၁၂၈၈၈ | ၁၀၉၁၈ |
| ၁၀/၂၀၂၀ | ၁၃၇၈၁ | ၁၄၂၂၃ | ၁၄၉၇၅ | ၁၁၅၉၈ |
| ၁၁/၂၀၂၀ | ၁၄၈၉၄ | ၁၅၆၁၇ | ၁၇၈၇၇ | ၁၂၃၅၈ |
| ၁၂/၂၀၂၀ | ၁၄၈၈၈ | ၁၅၈၄၂ | ၁၇၆၂၀ | ၁၂၉၅၉ |
| ၁/၂၀၂၁ | ၁၄၂၆၂ | ၁၅၁၈၈ | ၁၈၁၁၈ | ၁၂၆၁၀ |
| ၂/၂၀၂၁ | ၁၅၁၁၉ | ၁၅၆၀၄ | ၁၉၁၄၈ | ၁၄၁၁၀ |
| ၃/၂၀၂၁ | ၁၆၂၇၄ | ၁၆၆၅၉ | ၂၁၂၅၇ | ၁၅၀၁၃ |
| ၄/၂၀၂၁ | ၁၆၃၀၂ | ၁၆၆၆၅ | ၂၀၄၉၃ | ၁၄၇၂၄ |
| ၅/၂၀၂၁ | ၁၆၆၈၆ | ၁၆၉၈၂ | ၂၀၉၄၈ | ၁၅၂၄၂ |

| | | | | |
|---|---|---|---|---|
| ၆/၂၀၂၁ | ၁၆၆၇၈ | ၁၆၉၂၂ | ၂၀၅၆၇ | ၁၅၆၇၇ |
| ၇/၂၀၂၁ | ၁၆၅၈၃ | ၁၆၈၄၀ | ၂၁၁၀၅ | ၁၅၄၁၇ |

**သဘာဝရော်ဘာတင်ပို့မှု**

၁၃။ သာမန်အားဖြင့် ဦးစားပေးပို့ကုန်မဟုတ်သော်လည်း ပြည်တွင်းသို့ သဘာဝရော်ဘာ တင်သွင်းမှုအား အရေအတွက်အရ ကန့်သတ်ထားရှိမှုကို ၂၀၀၁ ခုနှစ်၌ ပယ်ဖျက်ခဲ့သည့် နောက်ပိုင်းတွင် အိန္ဒိယအစိုးရသည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် သဘာဝရော်ဘာများအား သင့်တင့် သည့် ဈေးနှုန်းရရှိပါက နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခွင့်ပြုခြင်း၊ ကုန်သွယ်မှုပြပွဲများ၌ ပါဝင် စေခြင်း၊ သဘာဝရော်ဘာ ပို့ကုန်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများပို့ချခြင်း စသည်တို့ကို လုပ် ဆောင်လျက်ရှိသည်။ အိန္ဒိယရော်ဘာလုပ်ငန်းကြီးကြပ်မှုအဖွဲ့၏ စာရင်းများအရ ၂၀၀၅-၂၀၀၆ ခုနှစ်၌ ပြည်ပသို့ သဘာဝရော်ဘာတင်ပို့မှုမှာ ၇၃၈၃၀ တန်ရှိရာမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၈၆၅ တန်သို့ ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ဈေးနှုန်းအရ အားသာသည့် အခါမှသာ တင်ပို့ခြင်းဖြစ်၍ အီရန်နိုင်ငံမှအပ အိန္ဒိယ၏ သဘာဝရော်ဘာ အဓိကတင်ပို့သည့်နိုင်ငံများမှာ ပုံသေမရှိပဲ ပြောင်းလဲလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ပုံ(၂) အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် သဘာဝရော်ဘာ တင်ပို့မှုနှင့် တင်သွင်းမှု



P: provisional Source: Rubber Board of India

**သဘာဝရော်ဘာတင်သွင်းမှု**

၁၄။ အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းများသို့ နိုင်ငံပေါင်းစုံမှ တင်သွင်းလာသည့် ရော်ဘာများ၏ အဆင့် အတန်းနှင့် သွင်းကုန်ဆိုင်ရာ အသေးစိတ်အချက်အလက်များအား စာရင်းကောက်ယူ စုစည်းပြုစု မှုနှင့်အတူ ပြည်တွင်းသို့ရော်ဘာတင်သွင်းသည့် ကိစ္စရပ်များအပေါ် ရော်ဘာလုပ်ငန်းကြီးကြပ်မှု အဖွဲ့က စောင့်ကြည့်ကြပ်မတ်မှုပြုလျက်ရှိပါသည်။ ယေဘုယျအားဖြင့် အိန္ဒိယပြည်တွင်း သဘာဝ ရော်ဘာဈေးကွက်သည် ကမ္ဘာ့ရော်ဘာဈေးကွက်၏ အချိန်ရာသီအလျောက် ပြောင်းလဲသည့် အကြောင်းခံအတိုင်း လိုက်ပါပြောင်းလဲမှုရှိပြီး ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် သဘာဝ ရော်ဘာ၏ ဈေးနှုန်းများမှာ သွင်းကုန်ပမာဏကြောင့် ထိခိုက်လွယ်သည့် အခြေအနေရှိပါသည်။


၁၅။ သို့ဖြစ်ရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘာဝ ရော်ဘာ တင်သွင်းမှုအပေါ် အရေအတွက်အရ ကန့်သတ်ခြင်းကို လုပ်ဆောင်နိုင်မှု မရှိတော့သည့် အချိန်၌ ပြည်တွင်းလုပ်ငန်းများကို ကာကွယ်ပေးနိုင်ရန်အတွက် အိန္ဒိယအစိုးရသည် ရော်ဘာ အခြောက်တင်သွင်းမှုအပေါ် ကောက်ခံသည့်အကောက်ခွန်နှုန်း “၂၀% သို့မဟုတ် ၁ ကီလိုဂရမ် လျှင် ရူပီးငွေ ၃၀ နှုန်း အနက်နည်းရာ” ဟုသတ်မှတ်ထားရှိမှုအား ၃၀-၄-၂၀၁၅ နေ့မှစတင်၍ “၂၅% သို့မဟုတ် ၁ ကီလိုဂရမ်လျှင် ရူပီးငွေ ၃၀ နှုန်း အနက်နည်းရာ” သို့ တိုးမြှင့်သတ်မှတ်ခဲ့ပါ သည်။ ထို့အပြင် ကြိုတင်လိုင်စင်ခွင့်ပြုမှု အစီအစဉ်၌ ပြည်ပမှတင်သွင်းလာသည့် ရော်ဘာများ အား ၁၈ လအထိ အသုံးပြုခွင့် ပေးအပ်ထားမှုကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ၆ လ ကာလသို့ လျော့ချသတ်မှတ်ခဲ့သည်။ အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) ကလည်း ၂၀-၁-၂၀၁၆ ရက်နေ့မှစတင်၍ တမီနာဒူးပြည်နယ်၊ ချန်နိုင်းမြို့ရှိ ဆိပ်ကမ်းနှင့် မဟာရဋ္ဌ ပြည်နယ် မွန်ဘိုင်းမြို့ရှိ နာဗာရှီဗာဆိပ်ကမ်းတို့မှသာ ပြည်တွင်းသို့ သဘာဝရော်ဘာ တင်သွင်းမှု ကို ဆောင်ရွက်ရမည်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်လျက် ကန့်သတ်ခဲ့သည်။

၁၆။ အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာတင်သွင်းမှုတွင် နည်းပညာအရ အဆင့်ခွဲခြားသတ်မှတ် ထားသည့် ရော်ဘာ (HS Code 400122 – TSNR) သည် ၈၀% ခန့်ဖြင့် တင်သွင်းမှုအများဆုံး

ဖြစ်ပြီး မှိုင်းခံရော်ဘာပြား (HS Code 400121 – NRSS) မှာ ၁၅% ခန့်ဖြင့် ဒုတိယအများဆုံး ပါဝင်လျက်ရှိပါသည်။ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အိုင်ဗရီကို့စ် စသည့်နိုင်ငံများ သည် အိန္ဒိယသို့ သဘာဝရော်ဘာ အများဆုံးတင်ပို့သည့် နိုင်ငံများဖြစ်ကြသည်။ အိန္ဒိယကူးသန်း ရောင်းဝယ်ရေးဌာန၏ စာရင်းများအရ ၂၀၂၀-၂၁ ခုနှစ်၌ သဘာဝရော်ဘာ ၄၁၀၄၇၃ တန်၊ တန်ဖိုး အားဖြင့် အမေရိကန်ဒေါ်လာ ၆၂၄.၃၅ သန်းကို တင်သွင်းခဲ့ကြောင်း တွေ့ရှိရသည်။

၁၇။ အိန္ဒိယ၏ မြန်မာနိုင်ငံထံမှ သဘာဝရော်ဘာတင်သွင်းမှုကို လေ့လာရာတွင် HS 400122 – Technically specified natural rubber နှင့် HS 400121 – Smoked sheets တို့ကို အဓိက ဝယ် ယူတင်သွင်းကြောင်း၊ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာန၏ စာရင်းများအရ ထိုသို့ ဝယ်ယူသည့် ပမာဏမှာ ၂၀၁၁-၁၂ ခုနှစ်တွင် ၃၁၉ တန် (တန်ဖိုးဒေါ်လာ ၁.၅၂ သန်း) ရှိရာမှ ၂၀၂၀-၂၁ ခုနှစ်၌ ၆၈၂၆ တန် (တန်ဖိုးဒေါ်လာ ၁၀.၁၉ သန်း) အထိရောက်ရှိခဲ့ရာ အရေအတွက်အားဖြင့် ၂၁ ဆ ကျော် တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀-၂၁ ခုနှစ်အတွက် အိန္ဒိယ၏ သဘာဝရော်ဘာ ဝယ်ယူတင်သွင်းမှု အများဆုံး ၁၀ နိုင်ငံတွင် အဋ္ဌမနေရာ၌ ရပ်တည် ခဲ့သည်။ ၂၀၁၁-၁၂ ဘဏ္ဍာ နှစ်မှ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယ၏ ကမ္ဘာ့နိုင်ငံများနှင့် မြန်မာ နိုင်ငံတို့ထံမှ HS Code 6 Digit level အလိုက် သဘာဝရော်ဘာတင်သွင်းမှု တန်ချိန်နှင့် တန်ဖိုး ဖော်ပြချက်ဇယားများကို **နောက်ဆက်တွဲ(ခ)** ဖြင့် ဖော်ပြထားပါသည်။

ပုံ(၃) အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံထံမှ သဘာဝရော်ဘာတင်သွင်းမှု




Source: Department of Commerce of India

## သွင်းကုန်အပေါ် ကောက်ခံသည့် အခွန်နှုန်းထားများ

၁၇။ အိန္ဒိယ အကောက်ခွန်နှင့်သွယ်ဝိုက်အခွန်များကြီးကြပ်မှုဗဟိုအဖွဲ့ (CBIC) ၏ ၃၀-၆-၂၀၂၁ နေ့အထိ အကောက်ခွန်နှုန်းထားများအရ HS Code 8 Digit level အလိုက် သဘာဝရော်ဘာ တင်သွင်းမှုအပေါ် ကောက်ခံလျက်ရှိသော အခြေခံအကောက်ခွန် (Basic Custom Duty – BCD)၊ ကုန်စည်နှင့်ဝန်ဆောင်မှု ပေါင်းစည်းအခွန် (Integrated Goods and Services Tax – IGST) နှင့် လူမှုဖူလုံရေး အထူးထပ်ဆောင်းအခွန် (Social Welfare Surcharge – SW) တို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ဇယား(၅) အိန္ဒိယ၏ သဘာဝရော်ဘာသွင်းကုန်အပေါ် ကောက်ခံသည့် အခွန်နှုန်းထားများ

| HS-Code | အမျိုးအမည်ဖော်ပြချက် | BCD | IGST | SW |
|---|---|---|---|---|
| 40011010 | Prevulcanised | ၇၀% | ၅% | ၁၀% |
| 40011020 | Other than prevulcanised | ၇၀% | ၅% | ၁၀% |
| 40012100 | Smoked sheets | ၂၅% | ၅% | ၁၀% |
| 40012200 | Technically specified natural rubber (TSNR) | ၂၅% | ၅% | ၁၀% |
| 40012910 | Hevea | ၂၅% | ၅% | ၁၀% |
| 40012920 | Pale crepe | ၂၅% | ၅% | ၁၀% |

| | | | | |
|---|---|---|---|---|
| 40012930 | Estate brown crepe | ၂၅% | ၅% | ၁၀% |
| 40012940 | Oil extended natural rubber | ၂၅% | ၅% | ၁၀% |
| 40012990 | Other | ၂၅% | ၅% | ၁၀% |
| 40013000 | Balata, gutta-percha, guayule, chicle and similar natural gums | ၁၀% | ၅% | ၁၀% |

၁၈။ TSNR သဘာဝရော်ဘာတင်သွင်းမှု ဆိပ်ကမ်းအရောက် CIF တန်ဖိုး ယူနစ် ၁၀၀ အပေါ် ကျသင့်မည့် စုစုပေါင်းအခွန်ပမာဏ တွက်ချက်ပါက တန်ဖိုးယူနစ် ၄၄.၈၂ ပေးဆောင်ရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| တွက်ချက်မှုစနစ် | အခွန်နှုန်း | အခွန်ပမာဏ |
|---|---|---|
| (က) အခြေပြုတန်ဖိုး | - | ၁၀၁.၀၀ |
| (CIF တန်ဖိုး + CIF တန်ဖိုးအပေါ် ဆိပ်ကမ်းချခ ၁ %) | | |
| (ခ) အခြေခံအကောက်ခွန် BCD | ၂၅.၀၀% | ၂၅.၂၅ |
| {(က) x BCD} | | |
| (ဂ) ကုန်စည်နှင့်ဝန်ဆောင်မှု ပေါင်းစည်းအခွန် IGST | ၅.၀၀% | ၆.၃၁ |
| {(က+ခ) x IGST} | | |
| (ဃ) လူမှုဖူလုံရေး အထူးအခွန် SW | ၁၀.၀၀% | ၁၃.၂၆ |
| {(က+ခ+ဂ) x SW} | | |
| **CIF တန်ဖိုး ယူနစ် ၁၀၀ အပေါ် စုစုပေါင်း ကျသင့်အခွန် (ခ+ဂ+ဃ)** | | **၄၄.၈၂** |

**အထွေထွေ**

၁၉။ အိန္ဒိယနိုင်ငံတွင် ကီရာလာနှင့် တမီနာဒူ ပြည်နယ်များ၌ ရော်ဘာစိုက်ပျိုးလုပ်ကိုင်နိုင်သော မြေဧရိယာ အားလုံးနီးပါးမှာ စိုက်ပျိုးထားရှိပြီးသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံ၏အရှေ့မြောက်ဒေသရှိ ပြည်နယ်များတွင် ရော်ဘာစိုက်ပျိုးနိုင်သည့် မြေနေရာ များစွာကျန်ရှိနေပြီး သမားရိုးကျမဟုတ်သော ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့်ဒေသများ၌ ဧရိယာဟက်တာ ၅ သိန်းကျော်အား တိုးချဲ့စိုက်ပျိုးနိုင်မည့် အနေအထားရှိကြောင်းနှင့် စားနပ် ရိက္ခာဖူလုံမှု၊ သစ်တောနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းမှု၊ ရာသီဥတုနှင့် လူမှုစီးပွားဆိုင်ရာ အချက် များကို ထည့်သွင်းစဉ်းစားလျက် ရေရှည်တည်တံ့စွာ ရော်ဘာစိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေနေ

ရာများကို ခွဲခြားသတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် အိန္ဒိယကူးသန်းရောင်းဝယ်ရေး ဌာနက ဖော်ပြပါသည်။ လက်ရှိကာလတွင် အိန္ဒိယနိုင်ငံရှိ ရော်ဘာစိုက်ပျိုးဧရိယာစုစုပေါင်း၏ ၂၀% ခန့်ရှိသော ဧရိယာ ဟက်တာ ၁၆၀၀၀၀ ခန့်သည် အပင်သက်တမ်း ၂၀ နှစ်အထက်ရှိသည့် အုပ်စုအတွင်း ပါဝင်လျက်ရှိပြီး ၎င်းပမာဏအနက် ဟက်တာ ၃၀၀၀၀ ခန့်မှာ အပင်သစ်များဖြင့် ချက်ချင်းလက်ငင်း ပြန်လည်အစားထိုး စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

၂၀။ အိန္ဒိယ ရော်ဘာလုပ်ငန်းကြီးကြပ်မှုအဖွဲ့သည် စုစုပေါင်း စိုက်ပျိုးဧရိယာ၊ အရွယ်ရောက် နှင့် အရွယ်မရောက်သေးသော စိုက်ခင်းများ၏ ဧရိယာပမာဏ၊ အစေးခြစ်ထုတ်လုပ်လျက်ရှိသည့် ဧရိယာပမာဏ၊ အပင်အရေအတွက်၊ စတင်စိုက်ပျိုးသည့် ခုနှစ်သက္ကရာဇ်၊ မျိုးပွားမှုစနစ်၊ အစေး ခြစ်ယူမှုစနစ် စသည့်အချက်များအပါအဝင် ပြည်တွင်းရှိ ရော်ဘာစိုက်ခင်းများ၏ သန်းခေါင် စာရင်း အချက်အလက်များကို အဆင့်အလိုက် ကောက်ယူပြုစုရန် စီစဉ်ဆောင်ရွက်လျက်ရှိ ပါသည်။

**သုံးသပ်ချက်**

၂၁။ အိန္ဒိယနိုင်ငံ၌ မော်တော်ယာဉ်တာယာထုတ်လုပ်မှုလုပ်ငန်း အပါအဝင် လူသုံးနှင့် စက်မှု လုပ်ငန်းသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုရန် သဘာဝရော်ဘာနှင့် ဓာတုနည်းဖြင့် ဖန်တီး ထုတ်လုပ်သည့် SR ရော်ဘာ လိုအပ်ချက်မှာ နှစ်စဉ်မြင့်တက်လျက်ရှိပါသည်။ သို့ရာတွင် လက်ရှိကာလ၌ ဈေးနှုန်းများနိမ့်ကျမှုက တောင်သူများ၏ သဘာဝရော်ဘာ စိုက်ခင်း တိုးချဲ့ခြင်း၊ အစားထိုးပြန်လည်စိုက်ပျိုးခြင်းတို့ကို နည်းပါးစေသည့်အပြင် သက်တမ်းရင့် ရော်ဘာပင်များမှ အစေးခြစ်ထုတ်ယူမှုများက ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေး နိုင်မှုမရှိပဲ ပြည်ပမှ တန်ချိန်အများပြား တင်သွင်းရလျက်ရှိပါသည်။ သို့ဖြစ်ရာ သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ရန် အိန္ဒိယအစိုးရက တွန်းအားပေး ဆောင်ရွက်လျက်ရှိသော် လည်း ကာလတို၌ ပြည်တွင်းလိုအပ်ချက်၏ ၃ ပုံ ၁ ပုံခန့်မှာ ပြည်ပမှ ဆက်လက်ဝယ်ယူ တင်သွင်း ရမည့် အခြေအနေရှိပါသည်။ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ချမှတ် ထားသည့် အမျိုးသားရော်ဘာမူဝါဒတွင် ၂၀၃၀ ပြည့်နှစ် ရောက်ရှိချိန်၌ပင် ပြည်တွင်း သဘာဝ ရော်ဘာ လိုအပ်ချက်၏ ၂၅% မှာ ပြည်ပမှရယူရန်လိုအပ်မည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

၂၂။ မြန်မာနိုင်ငံမှ အိန္ဒိယသို့ သဘာဝရော်ဘာတင်ပို့မှုမှာ ၂၀၁၅-၁၆ ခုနှစ်နောက်ပိုင်းမှစ၍ သိသာစွာတိုးတက်လာခဲ့ပါသည်။ UN Comtrade ၏ ကိန်းဂဏာန်းများအရ ၂၀၂၀ ပြည့်နှစ်၌ မြန်မာနိုင်ငံမှ သဘာဝရော်ဘာတန်ချိန် စုစုပေါင်း ၁၃၂၀၁၅ တန်ကို ပြည်ပတင်ပို့ခဲ့ရာတွင် အိန္ဒိယ နိုင်ငံသို့ တင်ပို့မှုပမာဏ ၈၅၂၁ တန် (၆.၄၅%) ပါဝင်ခဲ့သည်။ အဆိုပါနှစ်၌ တရုတ်၊ မလေးရှားနှင့် တောင်ကိုရီးယား နိုင်ငံတို့၏နောက်တွင် အိန္ဒိယသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် သဘာဝ ရော်ဘာ အများဆုံးတင်ပို့ရာနိုင်ငံဖြစ်ခဲ့သည်။

၂၃။ သဘာဝရော်ဘာထုတ်လုပ်သည့် နိုင်ငံများအဖွဲ့အစည်း (ANRPC) ၏ အင်တာနက် စာမျက်နှာ၌ ဖော်ပြထားချက်အရ မြန်မာနိုင်ငံတွင် ၂၀၁၈-၁၉ ခုနှစ်အထိ ရော်ဘာစိုက်ခင်း ဧရိယာ ၆၅၉၄၄၅ ဟက်တာ စိုက်ပျိုးထားရှိပြီးသည့်အနက် အစေးခြစ်ဧရိယာမှာ ၃၂၉၈၄၃ ဟက်တာ ရှိပြီး ၎င်းနှစ်တွင် ဧရိယာ ၁ ဟက်တာလျှင် ၈၄၉ ကီလိုဂရမ် အထွက်နှုန်းဖြင့် သဘာဝရော်ဘာ ၂၇၉၈၉၇ တန် ထုတ်လုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါ အထွက်နှုန်းသည် အိန္ဒိယနိုင်ငံ၏ ကျဆင်းလျက်ရှိသော ၂၀၂၀-၂၁ ခုနှစ် ၁ ဟက်တာ အထွက်နှုန်း ၁၄၄၂ ကီလိုဂရမ်နှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းနေဆဲဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ သဘာဝရော်ဘာကဏ္ဍတွင် မျိုးကောင်းမျိုးမှန် ရော်ဘာပင်များ စိုက်ပျိုးလျက် နည်းစနစ်ကျနစွာ အစေးခြစ် ထုတ်လုပ်ပါက အထွက်နှုန်းမြင့်တင်နိုင်မည့် အလားအလာများရှိနေပါသည်။ အိန္ဒိယနိုင်ငံရှိ ချန်နိုင်းဆိပ်ကမ်းသို့ ပင်လယ်ရေကြောင်းမှ သယ်ယူပို့ဆောင်ရန် လွယ်ကူသည့် အားသာချက်အရ တနင်္သာရီ၊ မွန်၊ ကရင်၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီ တို့ကဲ့သို့သော မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှ သဘာဝ ရော်ဘာများ တိုးမြှင့်ထုတ်လုပ်တင်ပို့ခြင်းဖြင့် နှစ်စဉ် တန်ချိန် ၄ သိန်းမှ ၅ သိန်းအကြား ဝယ်ယူတင်သွင်းလျက်ရှိသော အိန္ဒိယ သဘာဝရော်ဘာဈေးကွက်သို့ တိုးချဲ့ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ ရှိနေပါသည်။

**နိဂုံး**

၂၄။ ကမ္ဘာပေါ်၌ စက်မှုလုပ်ငန်းများတိုးတက်လျက် ယာဉ်စက်ကိရိယာများ သုံးစွဲမှု များပြားလာသည်နှင့်အမျှ ရွှေဖြူဟု တင်စားခေါ်ဝေါ်သည့် ရော်ဘာအား အသုံးပြုမှုမှာလည်း တိုးတက်လျက်ရှိပါသည်။ ထိုကဲ့သို့ စက်မှုကုန်ထုတ်လုပ်ငန်းပေါင်းစုံ၌ လွန်စွာအသုံးဝင်သော သဘာဝ ရော်ဘာအား စိုက်ပျိုးထုတ်လုပ်နိုင်သော ရေမြေရာသီဥတုကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံ

အနေဖြင့် အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သည့် ရော်ဘာထုတ်ကုန်များအား ထုတ်လုပ်တင်ပို့နိုင်ရန် အမျိုးသားပို့ကုန်မဟာဗျူဟာ၌ ရော်ဘာလုပ်ငန်းကဏ္ဍအား ဦးစားပေး အဖြစ် ထည့်သွင်းထားရှိပြီးဖြစ်ရာ ထုတ်လုပ်တင်ပို့မှု တန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ ဌာန ဆိုင်ရာများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအား ထိပ်တန်း ရော်ဘာတင်ပို့သည့် နိုင်ငံဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အိန္ဒိယဈေးကွက်သို့ ဝင် ရောက်မှုမြှင့်တင်နိုင်ရေး ချိတ်ဆက်ညှိနှိုင်းမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ် ပါသည်။

စီးပွားရေးသံမှူး

နေ့ရက်၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၃ ရက်

နေရာ၊ မြန်မာသံရုံး၊ နယူးဒေလီမြို့

## ကိုးကားချက်များ


၁။ The Rubber Act, 1947 of India

၂။ National Rubber Policy 2019, Department of Commerce, Ministry of Commerce and Industry of India

၃။ Member Country Info – India, Association of Natural Rubber Producing Countries, http://www.anrpc.org/

၄။ India's International Trade of Rubber in the Recent Past – Some Insights, Directorate General of Commercial Intelligence and Statistics, Ministry of Commerce and Industry of India, http://dgciskol.gov.in/CI_Reports.aspx

၅။ Monthly Rubber Statistical News, Vol 80, No.2, July 2021, Rubber Board, Ministry of Commerce and Industry of India

၆။ Statistical Highlights, 3-6-2021, Rubber Board, Ministry of Commerce and Industry of India, www.rubberboard.org.in

၇။ Export Import Data Bank, Trade Statistics, Department of Commerce, Ministry of Commerce and Industry of India of India

၈။ UN Comtrade database, https://comtrade.un.org/

၉။ Production of Natural Rubber, 10 JUL 2019, Press Information Bureau of India

၁၀။ Rubber Board to conduct census on natural rubber plantations, prepare database, 1-4-2021, The Business Line

᱑᱑᱾ Tariff (as on 30.06.2021), Central Board of Indirect Taxes and Customs, Ministry of Finance of India, https://www.cbic.gov.in/htdocs-cbec/customs/cst2021-300621/cst-idx

နောက်ဆက်တွဲ (က)

## အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှု အခြေအနေ

| ဘဏ္ဍာနှစ် (ဧပြီ-မတ်) | စိုက်ပျိုးဧရိယာ (ဟက်တာ) | အစေးခြစ် ဧရိယာ (ဟက်တာ) | ထုတ်လုပ်မှု (တန်) | အထွက်နှုန်း (ကီလိုဂရမ်/ ဟက်တာ) | သုံးစွဲမှု (တန်) | တင်သွင်းမှု (တန်) | တင်ပို့မှု (တန်) | Kottayam မြို့၌ RSS-4 အဆင့် ပျမ်းမျှဈေးနှုန်း (ရူပီး/ ၁၀၀ ကီလိုဂရမ်) |
|---|---|---|---|---|---|---|---|---|
| ၂၀၀၅-၀၆ | ၅၉၇၆၁၀ | ၄၄၇၀၁၅ | ၈၀၂၆၂၅ | ၁၇၉၆ | ၈၀၁၁၁၀ | ၄၅၂၈၅ | ၇၃၈၃၀ | ၆၆၉၉ |
| ၂၀၀၆-၀၇ | ၆၁၅၂၀၀ | ၄၅၄၀၂၀ | ၈၅၂၈၉၅ | ၁၈၇၉ | ၈၂၀၃၀၅ | ၈၉၇၉၉ | ၅၆၅၄၅ | ၉၂၀၄ |
| ၂၀၀၇-၀၈ | ၆၃၅၄၀၀ | ၄၅၈၈၃၀ | ၈၂၅၃၄၅ | ၁၇၉၉ | ၈၆၁၄၅၅ | ၈၆၃၉၄ | ၆၀၃၅၃ | ၉၀၈၅ |
| ၂၀၀၈-၀၉ | ၆၆၁၉၈၀ | ၄၆၃၁၃၀ | ၈၆၄၅၀၀ | ၁၈၆၇ | ၈၇၁၇၂၀ | ၇၇၇၆၂ | ၄၆၉၂၆ | ၁၀၁၁၂ |
| ၂၀၀၉-၁၀ | ၆၈၆၅၁၅ | ၄၆၈၄၈၀ | ၈၃၁၄၀၀ | ၁၇၇၅ | ၉၃၀၅၆၅ | ၁၇၇၁၃၀ | ၂၅၀၉၀ | ၁၁၄၉၈ |
| ၂၀၁၀-၁၁ | ၇၁၁၅၆၀ | ၄၇၇၂၃၀ | ၈၆၁၉၅၀ | ၁၈၀၆ | ၉၄၇၇၁၅ | ၁၉၀၆၉၂ | ၂၉၈၅၁ | ၁၉၀၀၃ |
| ၂၀၁၁-၁၂ | ၇၃၄၇၈၀ | ၄၉၀၉၇၀ | ၉၀၃၇၀၀ | ၁၈၄၁ | ၉၆၄၄၁၅ | ၂၁၄၄၃၃ | ၂၇၁၄၅ | ၂၀၈၀၅ |
| ၂၀၁၂-၁၃ | ၇၅၇၅၂၀ | ၅၀၄၀၄၀ | ၉၁၃၇၀၀ | ၁၈၁၃ | ၉၇၂၇၀၅ | ၂၆၂၇၅၃ | ၃၀၅၉၄ | ၁၇၆၈၂ |
| ၂၀၁၃-၁၄ | ၇၇၈၄၀၀ | ၅၁၈၁၀၀ | ၇၇၄၀၀၀ | ၁၆၂၉ | ၉၈၁၅၂၀ | ၃၆၀၂၆၃ | ၅၃၉၈ | ၁၆၆၀၂ |
| ၂၀၁၄-၁၅ | ၇၉၅၁၃၅ | ၅၃၃၆၇၅ | ၆၄၅၀၀၀ | ၁၄၄၃ | ၁၀၂၀၉၁၀ | ၄၄၂၁၃၀ | ၁၀၀၂ | ၁၃၂၅၇ |
| ၂၀၁၅-၁၆ | ၈၁၀၈၀၀ | ၅၅၈၉၀၀ | ၅၆၂၀၀၀ | ၁၄၃၇ | ၉၉၄၄၁၅ | ၄၅၈၃၇၄ | ၈၆၅ | ၁၁၃၀၆ |
| ၂၀၁၆-၁၇ | ၈၁၈၀၀၀ | ၅၈၄၆၀၀ | ၆၉၁၀၀၀ | ၁၅၅၃ | ၁၀၄၄၀၇၅ | ၄၂၆၁၈၈ | ၂၀၉၂၀ | ၁၃၅၄၉ |
| ၂၀၁၇-၁၈ | ၈၂၀၉၀၀ | ၆၁၂၀၀၀ | ၆၉၄၀၀၀ | ၁၄၅၈ | ၁၁၁၂၂၁၀ | ၄၆၉၇၆၀ | ၅၀၇၂ | ၁၂၉၈၀ |
| ၂၀၁၈-၁၉ | ၈၂၂၀၀၀ | ၆၃၇၉၀၀ | ၆၅၁၀၀၀ | ၁၄၅၃ | ၁၂၁၁၉၄၀ | ၅၈၂၃၅၁ | ၄၅၅၁ | ၁၂၅၉၅ |
| ၂၀၁၉-၂၀ | ၈၂၂၃၀၀ | ၆၆၃၇၀၀ | ၇၁၂၀၀၀ | ၁၄၅၉ | ၁၁၃၄၁၂၀ | ၄၅၇၂၂၃ | ၁၂၈၇၂ | ၁၃၅၂၂ |
| ၂၀၂၀-၂၁P | ၈၂၂၅၀၀ | ၆၉၂၉၀၀ | ၇၁၅၀၀၀ | ၁၄၄၂ | ၁၀၉၆၄၁၀ | ၄၁၀၄၇၈ | ၁၁၃၄၃ | ၁၄၁၈၅ |

P: provisional

Source: Rubber Board of India

နောက်ဆက်တွဲ (ခ) အစ

## အိန္ဒိယ၏ ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံတို့ထံမှ သဘာဝရော်ဘာတင်သွင်းမှု HS Code 6 Digit level အလိုက် ဖော်ပြချက်

### (၁) အိန္ဒိယ၏ ဘဏ္ဍာနှစ်အလိုက် ကမ္ဘာ့နိုင်ငံများထံမှ သဘာဝရော်ဘာတင်သွင်းမှု ပမာဏ (တန်)

| စဉ် | HS Code | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | 400110 | ၁၂၆၇.၆၀ | ၂၄၇၇.၇၇ | ၆၅၁၆.၃၃ | ၁၀၅၇၈.၉၄ | ၈၃၃၉.၃၈ | ၄၆၃၉.၉၂ | ၄၇၂၁.၄၄ | ၈၁၈၀.၂၁ | ၇၉၄၈.၉၇ | ၃၄၈၈.၃၇ |
| ၂ | 400121 | ၁၀၄၄၆၅.၇၆ | ၁၀၄၅၈၃.၇၀ | ၁၃၁၆၆၉.၉၇ | ၁၃၇၈၁၄.၅၂ | ၉၉၆၈၅.၆၁ | ၆၇၅၆၅.၇၆ | ၇၇၂၇၆.၆၁ | ၉၇၁၆၇.၆၂ | ၆၇၅၀၇.၂၇ | ၄၈၇၉၉.၀၉ |
| ၃ | 400122 | ၉၆၁၀၂.၀၈ | ၁၄၁၆၅၄.၄၃ | ၂၀၉၂၉၄.၁၂ | ၂၆၀၁၄၁.၃၃ | ၃၂၄၂၁၇.၆၆ | ၃၃၇၀၇၄.၅၀ | ၃၇၀၂၉၈.၄၆ | ၄၇၀၈၅၆.၇၉ | ၃၇၆၁၁၇.၆၅ | ၃၅၄၆၇၉.၀၅ |
| ၄ | 400129 | ၁၂၅၉၆.၆၇ | ၁၄၀၃၆.၂၅ | ၁၂၇၈၁.၃၄ | ၃၃၅၉၀.၄၈ | ၂၆၁၃၂.၅၈ | ၁၆၉၀၂.၁၄ | ၁၇၄၆၆.၄၂ | ၆၁၄၈.၁၄ | ၅၆၄၂.၅၂ | ၃၅၀၆.၀၆ |
| ၅ | 400130 | ၀.၂၈ | ၀.၅၉ | ၀.၉၅ | ၀.၉၀ | ၀.၄၅ | ၀.၂၅ | ၀.၁၄ | ၀.၂၈ | ၀.၁၆ | ၀.၄၃ |
| | စုစုပေါင်း | ၂၁၄၄၃၂.၃၉ | ၂၆၂၇၅၂.၇၄ | ၃၆၀၂၆၂.၇၁ | ၄၄၂၁၂၆.၁၇ | ၄၅၈၃၇၅.၆၈ | ၄၂၆၁၈၂.၅၇ | ၄၆၉၇၆၃.၀၇ | ၅၈၂၃၅၃.၀၄ | ၄၅၇၂၁၆.၅၇ | ၄၁၀၄၇၃.၀၀ |

### (၂) အိန္ဒိယ၏ ဘဏ္ဍာနှစ်အလိုက် ကမ္ဘာ့နိုင်ငံများထံမှ သဘာဝရော်ဘာတင်သွင်းမှု တန်ဖိုး (အမေရိကန်ဒေါ်လာ သန်း)

| စဉ် | HS Code | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | 400110 | ၃.၇၈ | ၅.၅၈ | ၁၁.၉၃ | ၁၅.၀၂ | ၉.၇၇ | ၅.၃၄ | ၅.၉၂ | ၈.၇၂ | ၈.၉၇ | ၃.၉၈ |
| ၂ | 400121 | ၄၂၅.၀၄ | ၃၄၁.၁ | ၃၄၀.၇၉ | ၂၇၂.၅၁ | ၁၅၃.၈၈ | ၁၁၀.၅၇ | ၁၄၂.၅၉ | ၁၅၃.၇၁ | ၁၀၉.၀၄ | ၈၂.၄၃ |
| ၃ | 400122 | ၄၀၁.၂၆ | ၄၅၀.၁၁ | ၅၂၁.၅ | ၄၇၀.၃၃ | ၄၈၅.၂၉ | ၅၀၉.၈၁ | ၆၅၀.၀၄ | ၇၀၁.၂ | ၅၆၉.၀၃ | ၅၃၁.၈၂ |
| ၄ | 400129 | ၅၃.၆၉ | ၄၅.၄ | ၃၂.၁၈ | ၆၀.၄ | ၆၆.၁၇ | ၂၆.၈၂ | ၃၀.၆ | ၉.၆၁ | ၉.၃၉ | ၆.၁၁ |
| ၅ | 400130 | ၀.၀၁ | ၀.၀၁ | ၀.၀၁ | ၀.၀၃ | ၀.၀၁ | ၀.၀၂ | ၀.၀၁ | ၀.၀၁ | ၀.၀၁ | ၀.၀၁ |
| | စုစုပေါင်း | ၈၈၃.၇၇ | ၈၄၂.၂ | ၉၀၆.၄၁ | ၈၁၈.၂၉ | ၇၁၅.၁၂ | ၆၅၂.၅၇ | ၈၂၉.၁၅ | ၈၇၃.၂၆ | ၆၉၆.၄၃ | ၆၂၄.၃၅ |

နောက်ဆက်တွဲ (ခ) အဆုံး

(၃) အိန္ဒိယ၏ ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံထံမှ သဘာဝရော်ဘာတင်သွင်းမှု ပမာဏ (တန်)

| စဉ် | HS Code | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | 400121 | ၃၁၉.၀၀ | ၆၀.၀၀ | ၅၄.၀၀ | ၂၂၀.၀၀ | ၁၀၀.၀၀ | ၉၄.၀၀ | ၉၆၂.၂၄ | ၄၀၂.၂၄ | ၂၂၇၈.၁၀ | ၁၂၇၉.၀၀ |
| ၂ | 400122 | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၄၀၃.၂၀ | ၆၂၄.၉၆ | ၃၇၇၁.၇၂ | ၅၉၄၉.၈၀ | ၅၅၄၇.၄၉ |
| ၃ | 400129 | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၁၈.၇၅ | ၄၀.၃၂ | ၀.၀၀ | ၂၀.၁၆ | ၀.၀၀ | ၀.၀၀ |
| စုစုပေါင်း | | ၃၁၉.၀၀ | ၆၀.၀၀ | ၅၄.၀၀ | ၂၂၀.၀၀ | ၁၁၈.၇၅ | ၅၃၇.၅၂ | ၁၅၈၇.၂၀ | ၄၁၉၄.၁၂ | ၈၂၂၇.၉၀ | ၆၈၂၆.၄၉ |

(၄) အိန္ဒိယ၏ ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံထံမှ သဘာဝရော်ဘာတင်သွင်းမှု တန်ဖိုး (အမေရိကန်ဒေါ်လာ သန်း)

| စဉ် | HS Code | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | 400121 | ၁.၅၂ | ၀.၁၉ | ၀.၁၅ | ၀.၄၅ | ၀.၁၇ | ၀.၁၃ | ၁.၅၈ | ၀.၅၉ | ၃.၆၀ | ၂.၀၃ |
| ၂ | 400122 | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၅၃ | ၁.၀၂ | ၅.၄၄ | ၈.၉၉ | ၈.၁၆ |
| ၃ | 400129 | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၁ | ၀.၀၅ | ၀.၀၀ | ၀.၀၃ | ၀.၀၀ | ၀.၀၀ |
| စုစုပေါင်း | | ၁.၅၂ | ၀.၁၉ | ၀.၁၅ | ၀.၄၅ | ၀.၁၈ | ၀.၇၁ | ၂.၆၀ | ၆.၀၆ | ၁၂.၅၉ | ၁၀.၁၉ |

Source: Department of Commerce of India